ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် ( ၃၄ )၊ နေပြည်တော်

ဖုန်း-၀၆၇ -၃၄၁၀၁၅၄ ၊ ဖက်(စ်) - ၀၆၇- ၃၄၁၀၁၅၃ ၊ အီးမေးလ် - frdho34 @gmail.com

စာအမှတ်၊ ငကစ/ မူဝါဒ/ (၂၆၇ /၂၀၂၀)
ရက် စွဲ ၊၂၀၂၀ ပြည့်နှစ်၊ မတ်လ [illegible] ရက်

အကြောင်းအရာ။ **အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ United League of Arakan (ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့မှ အကြမ်းဖက်သမားများ၏ အမည်စာရင်း ပေးပို့ခြင်း**

ရည် ညွှန်း ချက်။ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ ၂၅-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၄၃၄၅(၁၂၄၁)/၁၄-၀၅ ဦး ၄

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၂၃-၃-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၊ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)တို့အရ United League of Arakan(ULA) / Arakan Army (AA) လက်နက်ကိုင်အဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခဲ့သည့်အတွက် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ၂၄-၃-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် (၁/ ၂၀၂၀) ဖြင့် ထိန်းချုပ်တားမြစ်မိန့်ထုတ်ပြန်ခဲ့ပြီး အကြမ်းဖက်အုပ်စုအဖြစ်သတ်မှတ်ခဲ့သည့် United League of Arakan (ULA) / Arakan Army (AA) လက်နက်ကိုင်အဖွဲ့မှ အကြမ်းဖက်သမားများ၏ အမည်စာရင်းအား သတင်းပို့အဖွဲ့အစည်းများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်သွားရန် အတွက် ထပ်ဆင့်ညွှန်ကြား ဖြန့်ဝေပေးနိုင်ပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ကြီးကြပ်စစ်ဆေးနေသော သတင်းပို့အဖွဲ့အစည်းများဖြစ်သည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ပုဂ္ဂလိကအာမခံကုမ္ပဏီများအနေဖြင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီမှ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ခဲ့သည့် United League of Arakan (ULA) / Arakan Army (AA) လက်နက်ကိုင်အဖွဲ့မှ အကြမ်းဖက်သမားများ၏ အမည်စာရင်းအား သိရှိလိုက်နာဆောင်ရွက်ရန်နှင့် အရေးယူဆောင်ရွက်မှု တစ်စုံတစ်ရာရှိပါက ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ သို့

အချိန်နှင့် တစ်ပြေးညီ သတင်းပို့တင်ပြရန်ဖြစ်ပြီး အရေးယူရန်၊ ဆောင်ရွက်ရန်နှင့် သတင်းပို့ရန် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

ပူးတွဲပါ အကြောင်းကြားစာ (၁) စုံ

၃၁/၇/၂၀၂၀

(ဇော်နိုင်)

ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ

အာမခံလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ

အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်းများအားလုံး

ပုဂ္ဂလိကအာမခံကုမ္ပဏီများအားလုံး

မိတ္တူကို

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ

ရုံးလက်ခံ

မျှောစာ

ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

## အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအားတားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ

စာအမှတ်၊ ၄၃၄၅( ၁၂ ၄ ၁) / ၁၄-၀၅ / ဦး ၄

ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်

သို့

ကြီးကြပ်ရေးအာဏာပိုင်များအားလုံး

အကြောင်းအရာ။ **United League of Arakan (ULA) / Arakan Army (AA) လက်နက်ကိုင်အဖွဲ့မှ အကြမ်းဖက်သမားများ၏ အမည်စာရင်းပေးပို့ခြင်း**

ရည် ညွှန်း ချက်။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ၂၄-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၄၃၄၅(၁၂၃၈)/ ၁၄-၀၅/ ဦး ၄

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ (ခ) တို့အရ United League of Arakan (ULA) / Arakan Army (AA) လက်နက်ကိုင်အဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် ၂၃-၃-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀) ဖြင့် သတ်မှတ်ကြေညာခဲ့သည့်အတွက် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီမှ ၂၄-၃-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် (၁/ ၂၀၂၀) ဖြင့် ထိန်းချုပ်တားမြစ်မိန့်ထုတ်ပြန်ခဲ့ပြီး ရည်ညွှန်းပါစာဖြင့် ဖြန့်ဝေခဲ့ပြီး ဖြစ်ပါသည်။

၂။ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ခဲ့သည့် United League of Arakan (ULA) / Arakan Army (AA) လက်နက်ကိုင်အဖွဲ့မှ အကြမ်းဖက်သမားများ၏ အမည်စာရင်းအား သိရှိနိုင်ပါရန်နှင့် ဆက်စပ်ဌာန၊ အဖွဲ့အစည်းများသို့ ဆက်လက်ဖြန့်ဝေပေးနိုင်ရန် ပူးတွဲပေးပို့ပါသည်။

ပူးတွဲပါ ( ၁ )ရွက်

ဥက္ကဋ္ဌ

မိတ္တူကို

မျှောစာတွဲ / လက်ခံစာတွဲ

ကန့်သတ်

အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ခဲ့သည့် United League of Arakan (ULA) / Arakan Army (AA) လက်နက်ကိုင်အဖွဲ့မှ အကြမ်းဖက်သမား(၅) ဦး၏ အမည်စာရင်း

(က) ထွန်းမြတ်နိုင်၊ (၄၁) နှစ်၊ (ဘ) ဦးရွှေမြအောင်၊ ၁၁/စတန (နိုင်)၀၅၉၅၆၃၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

(ခ) ညိုထွန်းအောင်၊ (၃၉) နှစ်၊ (ဘ) ဦးဖြူလှအောင်၊ ၁၁/ကဖန (နိုင်)၀၃၇၄၂၂၊ အမှတ် (၁) ရုံးရှေ့လမ်း၊ အရှေ့ပိုင်းရပ်ကွက်၊ ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ်။

(ဂ) ကျော်ဟန်၊ (၅၈) နှစ်၊ (ဖ) ဦးကိုးဟန်၊ ၁၁/စတန (နိုင်)၀၂၆၁၂၅၊ ရူပမြောက်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

(ဃ) ခိုင်သုခ (ခ) မောင်ခင်သန်း၊ (၄၉) နှစ်၊ (ဖ) ဦးမောင်စောညွန့်၊ (မှတ်ပုံတင်စိစစ်ဆဲ)၊ ကျွဲကူးတောင်ကျေးရွာ၊ တန်းတင်ကျေးရွာအုပ်စု၊ အမ်းမြို့နယ်၊ ရခိုင်ပြည်နယ်။

(င) နှင်းဇော်ဖြူ (၃၉) နှစ်၊ (ဖ) ဦးစံကျော်သာ၊ ၁၁/ပဏက (နိုင်)၀၃၇၉၆၇၊ (၁၄/၁) ရပ်ကွက်၊ ပြည်တော်သာရပ်စစ်တွေမြို့၊ ရခိုင်ပြည်နယ်။